၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၅)ရက်မှ (၂၁)ရက်အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှု ကြုံတွေ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ



စဉ်	ပြည်နယ်နှင့် တိုင်းဒေသကြီး	ကျူးလွန်သည့် အကြိမ်ရေ	မှတ်ချက်
၁	စစ်ကိုင်း	၁၀	
၂	မန္တလေး	၅	
၃	ကရင်	၂	
၄	ပဲခူး	၃	
၅	မကွေး	၁	
၆	ဧရာဝတီ	၃	
၇	ကချင်	၁	
၈	ရခိုင်	၁၀	
၉	ချင်း	၁	
၁၀	ရန်ကုန်	၃	
၁၁	မွန်	၂	
၁၂	ရှမ်း	၈	
၁၃	နေပြည်တော်	၁	
	စုစုပေါင်း	၅၀	

ဇွန်လ (၁၅)ရက်မှ (၂၁)ရက်နေ့အတွင်း စစ်အာဏာရှင်တပ်သားများက စစ်ကိုင်းတိုင်းဒေသကြီး၊ကချင်ပြည်နယ် နှင့် ရခိုင်ပြည်နယ် တို့တွင် လေကြောင်း အသုံးပြု ဗုံးကြဲတိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်။ စစ်အာဏာရှင်တပ်က စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒရုန်းအသုံးပြု ဗုံးကြဲတိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်။ မန္တလေးတိုင်း ဒေသကြီး၊ အိုးဘိုထောင်နှင့် မွန်ပြည်နယ်၊ ကျိုက်မရောထောင်တို့မှ နိုင်ငံရေး အကျဉ်းသားများကို ထောင်ပြောင်း ရွှေ့ခဲ့ ကြသည်။ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးအကျဉ်းထောင်တွင် စစ်အာဏာရှင်လက်အောက်ခံ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်း များသည် နိုင်ငံရေး အကျဉ်းသူများကို ဖမ်းဆီးညှင်းပန်းနှိပ်စက်ခဲ့ခြင်းကြောင်း (၈၀) ကျော် ထိခိုက် ဒဏ်ရာရရှိခဲ့သည်။ ဇွန်လ (၁၉) ရက်နေ့တွင် ကျရောက်သော နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့တွင် ပန်းရောင်းသူ၊ ပန်းဝယ်သူ ပြည်သူများကို စစ်အာဏာရှင်တပ်သားများ ဖမ်းဆီးခဲ့ကြသည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

made with infogram

၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၅)ရက်မှ (၂၁)ရက်အတွင်း စစ်အာဏာရှင်တပ်များမှ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ



စဉ်	လူ့အခွင့်အရေး ချိုးဖောက်ခဲ့သည့် နည်းလမ်းများ	အကြိမ်ရေ
၁	လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်သတ်ခြင်း	၉
၂	လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ဒဏ်ရာရခြင်း	၇
၃	လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း	၆
၄	ဖမ်းဆီး ညှင်းပန်းနှိပ်စက်ခံရခြင်း	၃
၅	ဗုံးကြဲတိုက်ခိုက်ခြင်း	၁၁
၆	ဖမ်းဆီးခံရခြင်း	၈
၇	ငွေကြေးတောင်းခံခြင်း	၇
၈	အာဏာပြ ခြိမ်းခြောက်ခြင်း/ အမိန့်ထုတ်ပြန်ကြော်ငြာခြင်း	၅
၉	အသက်မပြည့်သော ကလေးများ သေဆုံးခြင်း	၄
၁၀	ပြည်သူပိုင်အဆောက်အဦး/ပစ္စည်းများမီးရှို့ပျက်/ဖျက်ဆီးခြင်း	၅
၁၁	ပြည်သူပိုင်ပစ္စည်းများသိမ်းယူခြင်း/ခိုးယူခြင်း	၁
၁၂	လေကြောင်းအသုံးပြုခြင်း	၁၀
၁၃	မြေမြှုပ်မိုင်း	၃
၁၄	ပြည်သူပိုင် အဆောက်အဦး/ပစ္စည်းများ ပျက်/ဖျက်ဆီးခြင်း	၄
၁၅	နေရပ်ဒေသ စွန့်ခွာရခြင်း	၁
၁၆	အသက်မပြည့်သော ကလေးများ ထိခိုက်ခြင်း	၄
၁၇	ဗုံးခွဲခြင်း (ပေါက်)	၂

စစ်အာဏာရှင်တပ်သားများ၏ လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် ပစ်ခတ်မှုကြောင့် တပတ်အတွင်း ပြည်သူ (၂၀)နီးပါး သေဆုံးခဲ့ပြီး (၂၀)ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ စစ်အာဏာရှင်တပ်သားများက တပတ်အတွင်း ပြည်သူ (၂၈၀)ကျော်ကို ဖမ်းဆီးခဲ့သည်။ စစ်အာဏာရှင်တပ်သားများ၏ မြေမြှုပ်မိုင်းကြောင့် ပြည်သူ (၃)ဦး သေဆုံးခဲ့ရသည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

2 / 2

made with infogram